# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၃/ ၂၀၂၅) ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၆) ရက်

| ၆- ၂- ၂၀၂၅ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂၁၇၅.၇၁ |
| စင်္ကာပူဒေါ်လာ | ၁၅၅၁.၉၃ |
| စတာလင်ပေါင် | ၂၆၁၄.၈၂ |
| ဂျပန်ယန်း (၁၀၀) | ၁၃၇၅.၉၂ |
| တရုတ်ယွမ် | ၂၈၈.၁၀ |
| ဟောင်ကောင်ဒေါ်လာ | ၂၆၉.၇၄ |
| အိန္ဒိယရူပီး | ၂၃.၉၈ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၄.၈၂ |
| မလေးရှားရင်းဂစ် | ၄၇၃.၄၅ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၁၁ |
| ထိုင်းဘတ် | ၆၂.၁၀ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၃၁ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ စားအုန်းဆီအကြွင်းအကျန်နှင့် အသုံးပြုပြီးဆီတင်ပို့မှုကို တားမြစ်သည့် အင်ဒိုနီး ရှားနိုင်ငံ

➢ အိန္ဒိယအစိုးရမှ ပဲစင်းငုံအား ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ လွတ်လပ် စွာတင်သွင်းခွင့်ပြု

➢ ၂၀၂၄ ခုနှစ်၊ ပြက္ခဒိန်နှစ်တွင် အိန္ဒိယနိုင်ငံ၏ ပြည်ပမှ ပဲမျိုးစုံတင်သွင်းမှု တန်ချိန် ၆၆ ဒသမ ၃၃ သိန်းထိ စံချိန်တင်မြင့်တက်ခဲ့

➢ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ အိန္ဒိယနိုင်ငံ၏ သကြား ထုတ်လုပ်ရောင်းချမှုရာသီ တွင် သကြားထုတ်လုပ်မှု တန်ချိန် ၂၆ ဒသမ ၅၂ သန်းရှိပြီး ယခင်နှစ် ရာသီကထက် ၁၇ ရာခိုင်နှုန်း ကျဆင်း

- **အထွေထွေသတင်းများ**

➢ ၂၀၂၅ ခုနှစ်အတွက် ကမ္ဘာ့တန်ဖိုးအကြီးဆုံးအမှတ်တံဆိပ် ၅၀၀ အစီရင် ခံစာ (Global 500) တွင် အိန္ဒိယအမှတ်တံဆိပ်များက နေရာကောင်းစွာ ရရှိ၊ တာတာလုပ်ငန်းစု (Tata Group) က ထိပ်ဆုံးမှ ရပ်တည်လျက်ရှိ

## စားအုန်းဆီအကြွင်းအကျန်နှင့် အသုံးပြုပြီးဆီတင်ပို့မှုကို တားမြစ်သည့် အင်ဒိုနီးရှားနိုင်ငံ

အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနက ဆီအုန်းကြိတ်ရည် (palm oil mill effluent)၊ အက်စစ်ပါဝင်မှုမြင့်သည့် စားအုန်းဆီအကြွင်းအကျန်နှင့် အသုံးပြုပြီးဆီ တင်ပို့မှုကို ကန့်သတ်သည့် လုပ်ထုံးလုပ်နည်းအသစ်ကို ထုတ်ပြန်ခဲ့ကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်းက သတင်းထုတ်ပြန်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့သည့် အဆိုပါ လုပ်ထုံးလုပ်နည်းသည် ယခင်ထုတ်ပြန်ခဲ့သည့် ဆီအုန်းထုတ်ကုန်များတင်ပို့မှု လုပ်ထုံးလုပ်နည်းကို ထပ်မံပြင်ဆင်ခြင်းဖြစ်ပါသည်။

ကုန်သွယ်ရေးဝန်ကြီး Budi Santoso က “မူဝါဒမှာ စားသုံးဆီလုပ်ငန်းအတွက် ကုန်ကြမ်းရရှိမှုသေချာစေရေး၊ ဆီအုန်းမှထုတ်လုပ်သည့် ဇီဝဒီဇယ် (B40) အကောင်အထည်ဖော်မှုကို အထောက်အကူပြုနိုင်ရေးရည်ရွယ်ကြောင်း၊ သမ္မတ၏ တိုက်ရိုက်ညွှန်ကြားချက်အရ စားသုံးဆီထုတ်လုပ်မှုနှင့် B40 အကောင်အထည်ဖော်မှုတို့အတွက် စားအုန်းဆီကြမ်း ကုန်ကြမ်းပစ္စည်း ရရှိစေရေးမှာ အဓိက ဦးစားပေးအချက်ဖြစ်ကြောင်း၊ ယခုထုတ်ပြန်သည့် မူဝါဒကို အကောင်အထည်ဖော်ရာတွင် ပို့ကုန်အပေါ် သက်ရောက်မှုရှိနိုင်သော်လည်း ပြည်တွင်းလုပ်ငန်းများ၏ အကျိုးစီးပွားကို ဦးစားပေးရန် လိုအပ်ကြောင်း” ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့က ထုတ်ပြန်သည့် ထုတ်ပြန်ချက်တွင် ပြောကြားခဲ့ပါသည်။

မူဝါဒအသစ်အရ အသုံးပြုပြီးစားအုန်းဆီနှင့် ဆီအုန်းအကြွင်းအကျန်များတင်ပို့မှုနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအကြား ဆွေးနွေးခဲ့ကြပြီး သဘောတူညီမှု ရရှိခဲ့ပြီးဖြစ်ပါသည်။ ဆွေးနွေးမှုများတွင် ပို့ကုန်ခွင့်ပြုချက်ရယူရန် လိုအပ်သည့် ပို့ကုန်ခွဲတမ်းများ ရရှိခြင်း သို့မဟုတ် မရရှိခြင်းတို့ပါဝင်ကြောင်း၊ လုပ်ထုံးလုပ်နည်းအမှတ် ၂၆/၂၀၂၄ အရ ဆီအုန်းအကြွင်းအကျန်တင်ပို့ခွင့်နှင့် အသုံးပြုပြီး စားအုန်းဆီတင်ပို့ခွင့်ရရှိထားသည့် ပို့ကုန်လုပ်ငန်းရှင်များသည် သတ်မှတ်သက်တမ်းကာလကုန်ဆုံးသည်အထိ ဆက်လက်တင်ပို့ခွင့်ရရှိမည်ဖြစ်ကြောင်း” ဝန်ကြီး Budi Santoso က ပြောကြားခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ဆီအုန်းကြိတ်ရည်နှင့် အက်စစ်ပါဝင်မှုမြင့်သည့် စားအုန်းဆီအကြွင်းအကျန်တင်ပို့မှုမှာ တန်ချိန်ပေါင်း ၃.၄၅ သန်းဖြစ်ပြီး အဆိုပါကာလအတွင်း စားအုန်းဆီကြမ်းတင်ပို့မှုမှာ တန်ချိန် ၂.၇၀ သန်းသာရှိခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် ဆီအုန်းကြိတ်ရည်

နှင့် အက်စစ်ပါဝင်မှုမြင့်သည့် စားအုန်းဆီအကြွင်းအကျန်တင်ပို့မှုမှာ တန်ချိန် ၄.၈၇ သန်းဖြစ်ပါသည်။ လွန်ခဲ့သည့် ၅ နှစ်အတွင်း (၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း) ဆီအုန်းကြိတ်ရည်နှင့် အက်စစ်ပါဝင်မှုမြင့်သည့် စားအုန်းဆီအကြွင်းအကျန်တင်ပို့မှုမှာ ၂၀.၇၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး စားအုန်းဆီကြမ်းတင်ပို့မှုမှာ ပျမ်းမျှအားဖြင့် ၁၉.၅၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

"အချက်အလက်များအရ ဆီအုန်းကြိတ်ရည်နှင့် အက်စစ်ပါဝင်မှုမြင့်သည့် စားအုန်းဆီအကြွင်းအကျန်တင်ပို့မှုသည် ပုံမှန်တင်ပို့နိုင်မှုပမာဏထက် ကျော်လွန်နေကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ ပုံမှန်အရ စားအုန်းဆီကြမ်း ထုတ်လုပ်မှုမှရရှိလာသည်များသာမက စားအုန်းဆီကြမ်းများလည်း ရောနှောပါဝင်နေခြင်းဟု သုံးသပ်ရကြောင်း၊ တင်ပို့မှုများပြားလာခြင်းသည် ဆီအုန်းအခိုင်များမှ ဆီအုန်းကြိတ်ရည်နှင့် စားအုန်းဆီအကြွင်းအကျန်အဖြစ် တိုက်ရိုက်ပြုပြင်ထုတ်လုပ်ခြင်းကြောင့် ဖြစ်နိုင်ကြောင်း၊ အဆိုပါအခြေအနေအတိုင်း ဆက်လက်ဖြစ်ပွားပါက ပြည်တွင်းစက်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းအဖြစ် စားအုန်းဆီကြမ်းရရှိနိုင်မှုကို ထိခိုက်မည်ဖြစ်ကြောင်း" ဝန်ကြီး Budi Santoso က ပြောကြားခဲ့ပါသည်။

ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုနှင့် ဇီဝဒီဇယ်ထုတ်လုပ်မှုအတွက် လိုအပ်သည့် ဆီအုန်းကုန်ကြမ်း ရရှိနိုင်မှုရှိစေရေးအတွက် ပို့ကုန်မူဝါဒကျင့်သုံးဆောင်ရွက်ခြင်းဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး

စက်ာပူ

ရင်းမြစ်။ Indonesian Palm Oil Association

## အိန္ဒိယအစိုးရမှ ပဲစင်းငုံအား ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ လွတ်လပ်စွာတင်သွင်းခွင့်ပြု

အိန္ဒိယအစိုးရမှ ပဲစင်းငုံ၊ ဒေသအခေါ် tur (arhar/red gram) အား ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ လွတ်လပ်စွာတင်သွင်းခွင့်ပြုခဲ့ကြောင်း သိရသည်။ အိန္ဒိယ နိုင်ငံခြားကုန်သွယ်မှုညွှန်ကြားမှုအထွေထွေဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့စွဲဖြင့် အမိန့်ကြော်ငြာစာ

အမှတ်၊ ၅/၂၀၂၄-၂၅ ဖြင့် ထုတ်ပြန်ကြေညာခဲ့ကြောင်း The Hindu Businessline သတင်းဌာနမှ ယခုလ ၂၁ ရက်က ဖော်ပြသည်။

ယခင်က ထုတ်ပြန်ကြေညာခဲ့သော မူဝါဒအခြေအနေအရ အဆိုပါပဲအမျိုးအစားအား အကောက်ခွန်လွတ် တင်သွင်းခွင့်ကို ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ အတည်ပြုသတ်မှတ်ထားကြောင်း သိရသည်။

Karnataka နှင့် Maharashtra ပြည်နယ်တို့ကဲ့သို့ ပဲစင်းငုံအဓိက စိုက်ပျိုးသော ပြည်နယ်များတွင် ပဲစင်းငုံကို ရိတ်သိမ်းမှုများ လတ်တလော စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပဲသစ်များ ပေါ်ပါက လက်ကားဈေးနှုန်းများကျဆင်းကာ အစိုးရသတ်မှတ်ထားသော ကြမ်းခင်းဈေးအောက် လျော့နည်းကျဆင်းဖွယ်ရှိကြောင်းနှင့် ၂၀၂၄ ခုနှစ် ခါရစ် (မိုးရာသီ) ပဲသီးနှံရောင်းဝယ်မှုရာသီအတွက် အစိုးရသတ်မှတ်ဈေးနှုန်းမှာ ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၇၅၅၀ ဖြစ်ကြောင်း သိရသည်။

အိန္ဒိယအစိုးရ စိုက်ပျိုးရေးဌာနမှ ဆောင်ရွက်သော ပထမအကြိမ် ကြိုတင်ခန့်မှန်းချက်အရ ပဲစင်းငုံထုတ်လုပ်မှု တန်ချိန် ၃၅ ဒသမ ၀၂ သိန်းရှိကာ ယမန်နှစ်က တန်ချိန် ၃၄ ဒသမ ၁၇ သိန်း ထွက်ရှိခဲ့၍ ၂ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ဖွယ်ရှိကြောင်း သိရသည်။

ယမန်နှစ်က ပဲစင်းငုံ၊ မတ်ပဲနှင့် ကုလားပဲထွက်ရှိမှုနှုန်း ကျဆင်းခဲ့၍ ဈေးနှုန်းမြင့်တက်မှု ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် အစိုးရအနေဖြင့် ပြည်တွင်း၌ ပဲမျိုးစုံ ဖူလုံမှုရှိရန်ရည်ရွယ်၍ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေးတို့ကို အကောက်ခွန်လွတ် တင်သွင်းခွင့်အား ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့ အထိ အချိန်တိုးမြှင့်သတ်မှတ်ခဲ့သည်။ ယခု နောက်ဆုံးထုတ်ပြန်ကြေညာခဲ့သော အမိန့်ကြော်ငြာစာအရ ပဲစင်းငုံကို ပြည်တွင်း၌ လုံလောက်စွာရရှိနိုင်ရန်နှင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်ရန် ခန့်မှန်းရကြောင်း သိရသည်။

ပဲမျိုးစုံဈေးနှုန်းများ မြင့်တက်ခဲ့ပြီးနောက် အစိုးရအနေဖြင့် အခြေခံ စားသောက်ကုန်ဈေးနှုန်းများကို စဉ်ဆက်မပြတ်စောင့် ကြည့်ထိန်းချုပ်လျက်ရှိကာ စားသုံးသူများ ဈေးသက်သက်သာသာဖြင့် ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အိန္ဒိယ စားနပ်ရိက္ခာဝန်ကြီးဌာနက ယခုအခါ မြေဆီလွှာနှင့် ရာသီဥတုအခြေအနေ ကောင်းမွန်မှုရှိလာသဖြင့် ကုလားပဲနှင့် ပဲနီလေးထုတ်လုပ်မှု ပိုမိုတိုးမြှင့်လာဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

Agribusiness & Trade

စားတော်ပဲ (yellow peas) အား အကောက်ခွန်လွတ်တင်သွင်းမှုကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့အထိ ခွင့်ပြုထားကာ၊ အလားတူ ကုလားပဲတင်သွင်းမှုအား ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ခွင့်ပြုထားကြောင်း သိရသည်။

အဆိုပါ ပဲ(ခွဲခြမ်း) မျိုးစုံ၏ လက်လီဈေးနှုန်းများ တည်ငြိမ်မှုရှိစေရန် အစိုးရမှ ကုလားပဲ၊ ပဲတီစိမ်းနှင့် ပဲနီလေးတို့ကို ဘာရက်အမှတ်တံဆိပ် (Bharat brand) ဖြင့် ဆက်လက်ရောင်းချပေးခြင်း၊ လက်လီရောင်းချမှုဆိုင်ရာ အသင်းအဖွဲ့များ၊ လက်လီဆိုင်များနှင့် ပုံမှန်တွေ့ဆုံ၍ ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလက ၁၉ ဒသမ ၅၄ ရာခိုင်နှုန်းရှိခဲ့သော ပဲမျိုးစုံ၏ CPI ဈေးနှုန်းဖောင်းပွမှုကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ၌ ၃ ဒသမ ၈၃ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့သည်ဟု အစိုးရမှ ပြောကြားခဲ့သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံလိုအပ်ချက်ပြည့်မီရေးအတွက် ပဲစင်းငုံအား ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ လွတ်လပ်စွာတင်သွင်းခွင့်ပြုခဲ့ကြောင်း၊ သို့သော် မတ်ပဲတင်သွင်းခွင့်နှင့် ပတ်သက်၍ လတ်တလောထုတ်ပြန်ဆောင်ရွက်ထားခြင်းမရှိကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Source: The Hindu Businessline, Government extends free imports of tur till March 31, 2026, January 21, 2025.

........................................................................................................

## ၂၀၂၄ ခုနှစ်၊ ပြက္ခဒိန်နှစ်တွင် အိန္ဒိယနိုင်ငံ၏ ပြည်ပမှ ပဲမျိုးစုံတင်သွင်းမှု တန်ချိန် ၆၆ ဒသမ ၃၃ သိန်းထိ စံချိန်တင်မြင့်တက်ခဲ့

၂၀၂၄ ခုနှစ်၊ ပြက္ခဒိန်နှစ်တွင် အိန္ဒိယနိုင်ငံ၏ ပြည်ပမှ ပဲမျိုးစုံတင်သွင်းမှု တန်ချိန် ၆၆ ဒသမ ၃၃ သိန်းထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း သိရသည်။ အဆိုပါကာလအတွင်း ပြည်တွင်းမှ ပဲမျိုးစုံအထွက်နှုန်းကျဆင်းပြီး ဈေးနှုန်းများ မြင့်တက်လာမည်စိုးသဖြင့် အစိုးရအနေဖြင့် ပဲမျိုးစုံကို ပြည်ပမှ အကောက်ခွန်လွတ် တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၉ ရက်က ဖော်ပြသည်။

ယင်းကဲ့သို့ ပဲမျိုးစုံတင်သွင်းမှုတိုးတက်လာရခြင်းမှာ ပြည်ပမှ စားတော်ပဲ (yellow peas) ကို တန်ချိန် ၂၉ ဒသမ ၆၈ သိန်းအထိ တင်သွင်းခဲ့၍ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အဆိုပါ ပဲအမျိုးအစားကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ အကောက်ခွန်လွတ်တင်သွင်းခွင့်ပြုခဲ့ပြီး၊ ၂၀၂၄ ခုနှစ်အတွင်းက ပြင်ဆင်သက်တမ်းတိုးကာ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအထိ အချိန်တိုးမြှင့် သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ပဲစင်းငုံကို တန်ချိန် ၁၂ ဒသမ ၃၃ သိန်းနှင့် မတ်ပဲကို တန်ချိန် ၇ ဒသမ ၆၅ သိန်းအထိ စံချိန်တင် တင်သွင်းခဲ့ကြောင်း သိရသည်။ ၂၀၂၄ ခုနှစ်တွင် ပဲနီလေးတင်သွင်းမှုသည် ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် လျော့ကျခဲ့ကြောင်း သိရသည်။ ၂၀၂၃ ခုနှစ်က အဆိုပါပဲအမျိုးအစားကို တန်ချိန် ၁၆ ဒသမ ၈၁ သိန်းအထိ စံချိန်တင် တင်သွင်းခဲ့ပြီး၊ ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၁၀ ဒသမ ၉၃ သိန်းသာ တင်သွင်းခဲ့ကြောင်း သိရသည်။ ၂၀၂၄ ခုနှစ်၏ ကုလားပဲတင်သွင်းမှုသည် တန်ချိန် ၅ ဒသမ ၇၄ သိန်းရှိပြီး၊ ယခင်နှစ်က တန်ချိန် ၁ ဒသမ ၃၁ သိန်းတင်သွင်းခဲ့သည့်အတွက် လေးဆမျှတိုးတက်လာခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၇ ခုနှစ်က တစ်ကြိမ် ပဲမျိုးစုံတင်သွင်းမှု မြင့်တက်ခဲ့ပြီး တန်ချိန် ၆၂ ဒသမ ၇၄ သိန်း တင်သွင်းခဲ့ကာ စားတော်ပဲကို တန်ချိန် ၃၁ ဒသမ ဝ၃ သိန်းအထိ စံချိန်တင် တင်သွင်းခဲ့ဖူးကြောင်း သိရသည်။ ယင်းသို့ ပြည်ပမှ ပဲမျိုးစုံတင်သွင်းမှုပမာဏသည် တစ်နိုင်ငံလုံး၏ ပဲမျိုးစုံစားသုံးမှု ခန့်မှန်းပမာဏဖြစ်သော တန်ချိန် ၂၇၀ သိန်း၏ ၄ ပုံ ၃ ပုံခန့်ရှိကြောင်း IGrain India မှ Rahul Chauhan က ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရ၏ ခန့်မှန်းတွက်ချက်မှုအရ နိုင်ငံ၏ ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိမှုပမာဏသည် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ တန်ချိန် ၁၆၃ ဒသမ ၂၃ သိန်းရှိခဲ့ပြီး၊ ၂၀၂၁-၂၂ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၇၃ ဒသမ ဝ၂ သိန်းထွက်ရှိကာ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၄၂ ဒသမ ၄၆ သိန်းထွက်ရှိခဲ့၍ ထွက်ရှိမှုပမာဏ ကျဆင်းခဲ့ကြောင်း သိရသည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ် ခါရစ်ရာသီ (မိုးရာသီ) ၏ ပဲမျိုးစုံအထွက်နှုန်းသည် တန်ချိန် ၆၉ ဒသမ ၅၄ သိန်းခန့်ရှိကာ ယခင်နှစ်က ၆၉ ဒသမ ၇၄ သိန်းရှိ၍ အနည်းငယ်ကျဆင်းခဲ့ကြောင်း သိရသည်။ အိန္ဒိယအစိုးရအနေဖြင့် ပြည်တွင်းပဲအထွက်နှုန်းကျဆင်းဖွယ်ရှိသည့် အခြေအနေကြောင့် ပဲစင်းငုံအား အကောက်ခွန်လွတ် တင်သွင်းခွင့်ကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့အထိ မကြာသေးမီကာလကပင် သက်တမ်းထပ်မံတိုးမြှင့်ခဲ့ကြောင်း သိရသည်။

Agribusiness & Trade

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ၂၀၂၄ ခုနှစ်က ပဲမျိုးစုံတင်သွင်းမှု စံချိန်တင်မြင့်တက်ခဲ့ကြောင်းနှင့် ယခုနှစ်တွင်လည်း ပြည်တွင်း၌ ပဲမျိုးစုံထွက်ရှိမှု ကျဆင်းဖွယ်ရှိကာ ပြည်ပမှ တင်သွင်းမှုတိုးမြင့်လာဖွယ်ရှိသည့် အခြေအနေကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, Pulses import double to record 66.33 lakh tonnes during 2024, January 29, 2025.

.............................................................................................................................................

## ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ အိန္ဒိယနိုင်ငံ၏ သကြား ထုတ်လုပ်ရောင်းချမှုရာသီတွင် သကြားထုတ်လုပ်မှု တန်ချိန် ၂၆ ဒသမ ၅၂ သန်းရှိပြီး ယခင်နှစ် ရာသီကထက် ၁၇ ရာခိုင်နှုန်း

၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ အိန္ဒိယနိုင်ငံ၏ သကြား ထုတ်လုပ်ရောင်းချမှုရာသီ (အောက်တိုဘာလမှ စက်တင်ဘာလအထိ) တွင် သကြားထုတ်လုပ်မှု တန်ချိန် ၂၆ ဒသမ ၅၂ သန်းရှိပြီး ယခင်နှစ်ရာသီကထက် ၁၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အိန္ဒိယနိုင်ငံလုံးဆိုင်ရာ သကြားရောင်းဝယ်ရေးအသင်း (All-India Sugar Trade Association -AISTA) မှ သိရသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် သိရှိရသော ခန့်မှန်းချက်အရ ယခင်နှစ်က သကြားတန်ချိန် ၃၁ ဒသမ ၉ သန်း ထုတ်လုပ်ခဲ့၍ ယခုနှစ်တွင် ထုတ်လုပ်မှု သိသိသာသာကျဆင်းခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၈ ရက်က ဖော်ပြသည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၏ သကြားစာရင်းပိတ်လက်ကျန်ပမာဏသည် တန်ချိန် ၄ ဒသမ ၅ သန်းရှိမည်ဖြစ်ကာ အဆိုပါပမာဏသည် နှစ်လစာ သကြားစားသုံးမှုပမာဏ တန်ချိန် ၄ ဒသမ ၈ သန်းမှ ၅ သန်းကို ပြည့်မီခြင်းမရှိကြောင်း၊ အထူးသဖြင့် ပွဲတော်ကာလဖြစ်ပြီး ဝယ်လိုအားများလေ့ရှိသော အောက်တိုဘာလနှင့် နိုဝင်ဘာလ ၂ လ၏ စားသုံးမှုပမာဏကို မပြည့်မီနိုင်ကြောင်း AISTA က ခန့်မှန်းထားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ လလယ်က နိုင်ငံ၏ သကြားထုတ်လုပ်မှု တန်ချိန် ၁၃ ဒသမ ၀၆ သန်းရှိကာ ယခင်နှစ်ကာလတူက တန်ချိန် ၁၅ ဒသမ ၁၂ သန်း ထုတ်လုပ်နိုင်ခဲ့၍ ၁၃ ဒသမ ၆၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ ယခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့အထိ ကြံကြိတ်ခွဲမှုပမာဏတန်ချိန် ၁၄၈ ဒသမ ၂၁ သန်းရှိကာ လွန်ခဲ့သောနှစ် ကာလတူက တန်ချိန် ၁၆၁ ဒသမ ၂၈

Agribusiness & Trade

သန်းရှိ၍ ကျဆင်းခဲ့ကြောင်း အမျိုးသား သမဝါယမသကြားစက်ရုံများအသင်းချုပ် (National Federation of Co-operative Sugar Factories -NFCSF) ၏ အချက်အလက်များအရ သိရသည်။

ယင်းသို့ သကြားအထွက်နှုန်းကျဆင်းရခြင်းမှာ နိုင်ငံ၏ အဓိကသကြားထုတ်လုပ်ရာ ပြည်နယ်များ၌ ရင်ဆိုင်နေရသော ရောင်းလိုအားထိခိုက်စေသည့် ကိစ္စရပ်များကြောင့်ဖြစ်ကြောင်း၊ ဥပမာ Uttar Pradesh ပြည်နယ်တွင် ရောဂါပိုးကျရောက်ခြင်းနှင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ခြင်း၊ အလားတူ Maharashtra ပြည်နယ်တွင် မိုးရေရရှိမှုနည်းပါးပြီး၊ သီးနှံများပန်းပွင့်မှု အခြေအနေတို့ကြောင့် ဖြစ်ကြောင်း သိရသည်။ ထို့အပြင် သကြားဓါတ် (sucrose) တန်ချိန် ၄ သန်းကို အီသနောထုတ်လုပ်မှု၌ အသုံးပြုလျက်ရှိသည့်အတွက် အသားတင် သကြားထွက်ရှိမှုပမာဏကို ထိခိုက်စေကြောင်း သိရသည်။

၂၀၂၃-၂၄ ဘဏ္ဍာနှစ်၊ သကြားထုတ်လုပ်ရောင်းချသည့်ရာသီမှ လက်ကျန်သကြား တန်ချိန် ၇ ဒသမ ၉၈ သန်း အပါအဝင် ပြည်ပသို့ တင်ပို့ရောင်းချမည့် သကြား တန်ချိန် ၁ သန်းအား နုတ်ဖယ်အပြီးတွင် ပြည်တွင်း၌ စုစုပေါင်း သကြားတန်ချိန် ၃၃ ဒသမ ၅ သန်း ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ သကြားစားသုံးမှု တန်ချိန် ၂၉ သန်းရှိမည်ဟု ခန့်မှန်းကာ၊ တစ်ဖက်တွင် အထွက်နှုန်းကျဆင်းခြင်းနှင့် ယခင်နှစ် လက်ကျန်နည်းပါးသည့် အခြေအနေများကြောင့် ရောင်းလိုအားပြတ်လပ်မှုရှိနိုင်သည့် အခြေအနေကို စိုးရိမ်မကင်းဖြစ်လျက်ရှိကြောင်း သိရသည်။ လက်ရှိတွင် ကြံကြိတ်ခွဲသည့်စက်ရုံအရေအတွက်မှာ ၅၀၇ ရုံရှိပြီး ယခင်နှစ်က ၅၂၄ ရုံရှိသည့်အတွက် စက်ရုံအရေအတွက်လည်း လျော့နည်းကြောင်း၊ ယင်းအချက်ကလည်း တစ်နိုင်ငံလုံး၏ သကြားအထွက်နှုန်းကို ထိခိုက်စေသည့် အချက်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် သကြားတင်ပို့မှုရောင်းချမှုအား လတ်တလောပိတ်ပင်ထားပြီး၊ အစိုးရအနေဖြင့် သကြားစက်များ၏ တောင်းဆိုမှုအရ တန်ချိန် ၁ သန်းခန့် ပြည်ပသို့ ရောင်းချခွင့်အား မကြာသေးမီက ခွင့်ပြုခဲ့ပါသည်။ သို့သော် ယခုနှစ်ရာသီတွင် သကြားအထွက်နှုန်းကျဆင်းနိုင်ကြောင်းနှင့် ပြည်တွင်းစားသုံးမှုကို ပြည့်မီအောင် ထုတ်လုပ်နိုင်ဖွယ်မရှိကြောင်း ကုန်သည်အသိုင်းအဝိုင်းမှ ခန့်မှန်းချက်များကို သိရှိနိုင်ရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, India’s sugar production may drop 17% to 26.52 mt in 2024-25, says trade body AISTA, January 28, 2025 at 10:11 PM

## ၂၀၂၅ ခုနှစ်အတွက် ကမ္ဘာ့တန်ဖိုးအကြီးဆုံးအမှတ်တံဆိပ် ၅၀၀ အစီရင်ခံစာ (Global 500) တွင် အိန္ဒိယအမှတ်တံဆိပ်များက နေရာကောင်းစွာရရှိ၊ တာတာလုပ်ငန်းစု (Tata Group) က ထိပ်ဆုံးမှ ရပ်တည်လျက်ရှိ

Brand Finance မှ ထုတ်ပြန်သော ၂၀၂၅ ခုနှစ်အတွက် ကမ္ဘာ့တန်ဖိုးအကြီးဆုံး အမှတ်တံဆိပ် ၅၀၀ အစီရင်ခံစာ (Global 500) တွင် အိန္ဒိယအမှတ်တံဆိပ်များက နေရာကောင်းစွာ ရရှိလျက်ရှိကာ တာတာလုပ်ငန်းစု (Tata Group) ကထိပ်ဆုံးမှ ရပ်တည်လျက်ရှိကြောင်း သိရသည်။ အဆိုပါ အစီရင်ခံစာအရ တာတာလုပ်ငန်းစုမှ ကမ္ဘာ့အကောင်းဆုံး အမှတ်တံဆိပ် ၁၀၀ အနက်၊ အဆင့် ၆၀ ၌ ရပ်တည်လျက်ရှိကာ ၎င်း၏ AAA အဆင့် အမှတ်တံဆိပ်အနေအထားကို ဆက်လက် ထိန်းသိမ်းထားရှိကြောင်းနှင့် ၁၅ နှစ်တာကာလအတွင်း အိန္ဒိယနိုင်ငံ၏ တန်ဖိုးအကြီးဆုံး အမှတ်တံဆိပ်အဖြစ် ရပ်တည်ထားနိုင်ကြောင်း သိရသည်။ အဆိုပါ လုပ်ငန်းစုအနေဖြင့် ယခုနှစ်တွင် တန်ဖိုး အားဖြင့် ကန်ဒေါ်လာ ၃၀ ဘီလီယံ စံချိန်ကို ကျော်လွန်ကာ ၃၁ ဒသမ ၆ ဘီလီယံသို့ ရောက်ရှိခဲ့ ကြောင်း သိရသည်။

အဆိုပါ အစီရင်ခံစာအရ ၂၀၂၅ ခုနှစ်တွင် တာတာလုပ်ငန်းစု၏ အမှတ်တံဆိပ်တန်ဖိုးသည် ယခင်နှစ်ကထက် ၁၀ ရာခိုင်နှုန်းတိုးတက်ကာ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၆ ဘီလီယံသို့ ရောက် ရှိခဲ့၍ ကန်ဒေါ်လာ ၃၀ ဘီလီယံ စံချိန်ကို ကျော်လွန်သော ပထမဦးဆုံး အိန္ဒိယအမှတ်တံဆိပ်တစ်ခု ဖြစ်လာကြောင်း သိရသည်။ ၎င်းအနေဖြင့် အိန္ဒိယနိုင်ငံ၏ တန်ဖိုးအကြီးဆုံး အမှတ်တံဆိပ်အဖြစ် ၁၅ နှစ်ဆက်တိုက် ရပ်တည်ခဲ့ကာ၊ ယမန်နှစ်က တန်ဖိုး ကန်ဒေါ်လာ ၂၈ ဒသမ ၆ ဘီလီယံရှိခဲ့ကြောင်း သိရသည်။

အခြား အိန္ဒိယ အမှတ်တံဆိပ်တစ်ခုဖြစ်သော LIC အမှတ်တံဆိပ်က အလျင်အမြန်ဆုံးနှုန်း ၃၆ ရာခိုင်နှုန်းဖြင့် တိုးတက်ခဲ့ပြီး ကန်ဒေါ်လာ ၁၃ ဒသမ ၃ ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ ကုမ္ပဏီအနေဖြင့် ကျန်းမာရေးအာမခံလုပ်ငန်းအား မဟာဗျူဟာမြောက် ချဲ့ထွင်လုပ်ကိုင်ခဲ့ကာ ကျေ နပ်အားရဖွယ် အမှတ်တံဆိပ်အင်အားအညွှန်းကိန်း (Brand Strength Index -BSI) ရမှတ် ၈၈ မှတ် နှင့်အတူ ဈေးကွက်ဝေစုခိုင်မာစွာရရှိခဲ့ကြောင်း သိရသည်။

နောက်ထပ် အိန္ဒိယ အမှတ်တံဆိပ်တစ်ခုဖြစ်သော Infosys သည် ကမ္ဘာ့တတိယတန်ဖိုး အကြီးဆုံး အိုင်တီဝန်ဆောင်မှုဆိုင်ရာ အမှတ်တံဆိပ်တစ်ခုဖြစ်ကာ တန်ဖိုးကန်ဒေါ်လာ ၁၆ ဒသမ ၃ ဘီလီယံရှိပြီး၊ ၁၅ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။ အဆိုပါ ကုမ္ပဏီသည် ကမ္ဘာ့အိုင်တီ

Agribusiness & Trade

ကုမ္ပဏီများအကြားတွင် ငါးနှစ်အတွင်း စုစုပေါင်းနှစ်စဉ်တိုးတက်မှုနှုန်း (compound annual growth rate) ၁၈ ရာခိုင်နှုန်းဖြင့် အလျင်မြန်ဆုံးတိုးတက်ခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။

အိန္ဒိယနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍတွင် HDFC ဘဏ်က ကန်ဒေါ်လာ ၁၄ ဒသမ ၂ ဘီလီယံဖြင့် လည်းကောင်း၊ SBI ဘဏ်က ကန်ဒေါ်လာ ၉ ဒသမ ၆ ဘီလီယံဖြင့်လည်းကောင်း၊ ICICI ဘဏ်က ကန်ဒေါ်လာ ၆ ဒသမ ၄ ဘီလီယံဖြင့်လည်းကောင်း အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။ Airtel ကုမ္ပဏီက ၎င်း၏ အမှတ်တံဆိပ်တန်ဖိုး ကန်ဒေါ်လာ ၇ ဒသမ ၇ ဘီလီယံကို ထိန်းသိမ်းထားကာ Jio လုပ်ငန်းစုက တန်ဖိုး ကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံသို့ တိုးတက်လာခဲ့သည်။ Reliance လုပ်ငန်းစုအနေဖြင့် နှစ်အလိုက်တိုးတက်မှုနှုန်း ၁၇ ရာခိုင်နှုန်းဖြင့် တန်ဖိုး ကန်ဒေါ်လာ ၉ ဒသမ ၈ ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ကမ္ဘာ့အမှတ်တံဆိပ်များအနက် Apple က ကန်ဒေါ်လာ ၅၇၄ ဒသမ ၅ ဘီလီယံဖြင့် တန်ဖိုးအမြင့်ဆုံးအမှတ်တံဆိပ်အဖြစ် ရပ်တည်လျက်ရှိကာ ၎င်းနောက်တွင် Microsoft က တန်ဖိုး ကန်ဒေါ်လာ ၄၆၁ ဘီလီယံဖြင့်လည်းကောင်း Google က ကန်ဒေါ်လာ ၄၁၃ ဘီလီယံဖြင့်လည်းကောင်း အသီးသီးရပ်တည်လျက်ရှိကြကြောင်း သိရသည်။ ASEAN အမှတ်တံဆိပ်များအနေဖြင့်လည်း သိသာထင်ရှားသော တိုးတက်မှုအခြေအနေများတွေ့ရှိရကြောင်းနှင့် e& အမှတ်တံဆိပ်သည် တိုးတက်မှုနှုန်း ၇၀၁ ရာခိုင်နှုန်းဖြင့် တန်ဖိုး ကန်ဒေါ်လာ ၁၅ ဒသမ ၃ ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ WeChat က BSI ရမှတ် ၉၅ ဒသမ ၂ ဖြင့် ကမ္ဘာ့အခိုင်မာဆုံး အမှတ်တံဆိပ်တစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

သို့ပါ၍ Brand Finance မှ ထုတ်ပြန်သော ၂၀၂၅ ခုနှစ်အတွက် ကမ္ဘာ့တန်ဖိုးအကြီးဆုံး အမှတ်တံဆိပ် ၅၀၀ အစီရင်ခံစာ (Global 500) တွင် အိန္ဒိယအမှတ်တံဆိပ်များက နေရာကောင်းစွာရရှိလျက်ရှိကာ တာတာလုပ်ငန်းစု (Tata Group) ကထိပ်ဆုံးမှ ရပ်တည်လျက်ရှိကြောင်း၊ ကမ္ဘာ့တန်ဖိုးအကြီးဆုံးအမှတ်တံဆိပ် ၁၀၀ အနက်၊ တန်ဖိုး ကန်ဒေါ်လာ ၃၁ ဒသမ ၆ ဘီလီယံဖြင့် အမှတ်စဉ် ၆၀ ၌ ရပ်တည်လျက်ရှိကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Source: Trade Promotion Council of India, Tata Group becomes India’s first US$ 30 billion brand, January 22, 2025

…………………………………………………………………………………………………

Agribusiness & Trade